ဒီအချိန်မှာ သတ္တိရှိရှိနဲ့ လုပ်လိုက်လို့ရှိရင် နောင်ကျရင် ကျွန်မတို့ဟာ မကြောက်ကြရတဲ့ ခေတ်ကို ရောက်သွားနိုင်ပါတယ်။ ဒီအချိန်မှာ ကြောက်ပြီးတော့ လုပ်သင့်သလောက် မလုပ်ခဲ့လို့ရှိရင် နောင်မှာ ဆက်ပြီးတော့ ကြောက်နေရတဲ့ စနစ်ကို ရှင်သန်အောင် လုပ်ပေးသလို ဖြစ်သွားပါမယ် ...။ လူတယောက်အနေနဲ့လည်း အများကြီး ဂုဏ်သိက္ခာ ကျပါတယ်။ အဲဒီတော့ အားလုံးက မှန်တာလုပ်မယ်ဆိုလို့ရှိရင် ကြောက်နေလည်း လုပ်ရမှာပါ။

ဒေါ်အောင်ဆန်းစုကြည်
(၁၄ - ၁ - ၁၉၈၉)

လောလောဆယ် အရေးကြီးတဲ့ လမ်းဆုံလမ်းခွမှာ ရှိနေသေးတယ်။ အဆုံးသတ်ကို ဦးတည်သွားဖို့ အလားအလာ များနေတယ်။ ဒီဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ လာမယ့်ရွေးကောက်ပွဲတွေဟာ ဖြစ်ရှိနေတဲ့ အခြေအနေ ဆိုးတွေကို ပြုပြင်ပေးနိုင်မယ့် အလားအလာမရှိဘူး။ တဖက်သတ်တွန်းပြီး လုပ်သွားရင် ပြည်တွင်းစစ်မီး အရှိန်အဟုန်နဲ့ ပြန်လည်ထတောက်လာဖို့ ရှိနေတယ်။

နိုင်ဟံသာ
(နအဖစစ်အစိုးရနဲ့ မွန်ပြည်သစ်ပါတီတို့ရဲ့
ဆက်ဆံရေးအခြေအနေနှင့် ပတ်သက်၍
ခေတ်ပြိုင်မှ ဆက်သွယ်မေးမြန်းချက်)

တကယ်တော့ ရှစ်လေးလုံးအရေးတော်ပုံဟာ လူထုတရပ်လုံး ညီညွတ်မယ်ဆိုရင် ဘယ်လိုအာဏာရှင်မျိုးကိုမဆို ဖြုတ်ချလို့ရတယ်ဆိုတဲ့ သက်သေကို ပြခဲ့တယ်။

မင်းကိုနိုင်
(၁၈ နှစ်မြောက် ရှစ်လေးလုံးအမှတ်တရစကား -
ခေတ်ပြိုင်သို့ ပြောကြားချက်)

- ညီညွတ်ရေးကို အစွမ်းကုန်တည်ဆောက်ကြ။
- အတွေ့တွေ့မကျေနပ်မှုများမှတဆင့် အတွေ့တွေ့သပိတ်ကြီးကို ဖော်ထုတ်ကြ။
- ရှစ်လေးလုံးစိတ်ဓာတ်ကို ကိုင်စွဲတိုက်ပွဲဝင်ကြ။





# ၈-၈-၈၈



## ရှစ်လေးလုံးစိတ်ဓာတ်ကို ကိုင်စွဲတိုက်ပွဲဝင်ကြ။

(၂၁) နှစ်မြောက် ရှစ်လေးလုံးအခမ်းအနား
ကျင်းပရေးကော်မတီမှ ထုတ်ဝေသည်။

# ကော်မတီရဲ့စကား

ရှစ်လေးလုံး ဒီမိုကရေစီ လူထုအရေးတော်ပုံကြီး ဖြစ်ပွားခဲ့တာ (၂၁) နှစ် ရှိခဲ့ပြီ။

ဤအရေးတော်ပုံကြီးသည် မဆလတပါတီအာဏာရှင်စနစ်ကို ဖျက်သိမ်းပစ်နိုင်ခဲ့သော်လည်း စစ်အာဏာရှင်စနစ်ကို မဖယ်ရှားနိုင်ခဲ့ပါ။

ထို့အတွက် ပြည်သူတို့ သွေးနှင့်ရင်း၍ ရယူခဲ့သော ၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကိုပင်လျှင် ယနေ့တိုင် အကောင်အထည်မဖော်နိုင် ဖြစ်နေကြရပါသည်။

စစ်အုပ်စုသည် အရေးတော်ပုံကြီးမှ မွေးဖွားပေးလိုက်သော လူထုခေါင်းဆောင်ကိုလည်း လူထုနှင့် အဆက်အသွယ်ဖြတ်ရုံသာမက အကျဉ်းထောင်ထဲသို့ပါ ပို့ပစ်ရန် ကြံစည်အားထုတ်နေပါသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အသက်သွင်းမည့် ၂၀၁၀ ရွေးကောက်ပွဲကို ကျင်းပကာ စစ်အာဏာရှင်စနစ် ထာဝစဉ် သက်ဆိုးရှည်ရေးကို အပြင်းအထန် လုံးပန်းအားထုတ်နေပါသည်။

ဤကဲ့သို့သော ကာလတွင် ...

မိမိတို့ ပြည်သူတရပ်လုံးအနေဖြင့် ရှစ်လေးလုံးအရေးတော်ပုံကြီး၏ မပြီးဆုံးသေးသော လုပ်ငန်းတာဝန်တရပ်ဖြစ်သည့် စစ်အာဏာရှင်စနစ် အကုန်အစင် ဖျက်သိမ်းဖယ်ရှားရေး လုပ်ငန်းစဉ်အား အပြီးသတ် ဆောင်ရွက်နိုင်ရေးအတွက် "ရှစ်လေးလုံးစိတ်ဓာတ်"ကို ကိုင်စွဲတိုက်ပွဲဝင်ကြရန်မှတပါး တခြားလမ်း လုံးဝ မရှိကြောင်း ထင်ရှားနေပါသည်။

"ရှစ်လေးလုံးစိတ်ဓာတ်ကို ကိုင်စွဲတိုက်ပွဲဝင်ကြ"

အခမ်းအနားကျင်းပရေးကော်မတီ
(၈.၈.၂၀၀၉)

## ရှစ်လေးလုံး လူထုအရေးတော်ပုံ သမိုင်းဝင်ဓာတ်ပုံများ

